**National Conference of Burmese-American Catholics (NCBAC)**
**Saint Philip Benizi Catholic Church**
**Archdiocese of Atlanta.**
**591 Flint River Road. Jonesboro, GA. 30238**

ချစ်ခင်လေးစားအပ်သော အမေရိကားနိုင်ငံတွင် နေထိုင်ကြသော မြန်မာကက်သလစ် ဘာသာဝင်များအားလုံးကို ဒီနှစ် ၂၀၁၆ ဒီဇင်ဘာ ၂၅ ရက်နေ့၌မွေးဖွားမည့် သူငယ်တော် ယေဇူး၏ မွေးနေ့မြတ်မှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ တနည်းအားဖြင့် Merry Christmas လို့ ဦးဆုံးနှုတ်ဆက်စကား ပြောချင်ပါတယ်။

မြတ်စွာဘုရားမွေးဖွားခဲ့တဲ့အချိန်ကာလမှာ ကောင်းကင်သိကြားတမန်များ သာယာသောတေးသီချင်းဖြင့် သီဆိုခဲ့သော“Gloria”လို့ခေါ်တဲ့ ကောင်းကင်ဘုံ၌ဘုရားသခင်အား ဘုန်းတော်ဂုဏ်တော် ရှိစေသတည်း။ မြေကြီးပေါ်၌လည်း စိတ်ကောင်းနှလုံးကောင်းရှိသူတို့အား ငြိမ်သက်ခြင်းရှိစေသတည်း ဆိုတဲ့သတင်းကောင်းကို ရင်ဝယ်ပိုက်လျှက် လူတိုင်းလူတိုင်း စိတ်ကောင်း နှလုံးကောင်း မွေးနိုင်ကြပါစေလို့ဆန္ဒပြုလိုက်ပါတယ်။ Christ နဲ့ Mass စကားလုံးနှစ်လုံးပူးပေါင်းပြီး ဖြစ်ပေါ်လာခဲ့သော Christmas စကားလုံးသည် ကက်သလစ်အသင်းတော်ရဲ့ မစ္ဆားတရားဆိုတဲ့စကားလုံးအသုံးအနှုန်းဖြစ်သလို မြတ်စွာဘုရားရဲ့ မွေးနေ့မြတ်ကို ဒီဇင်ဘာ ၂၅ အဖြစ်သတ်မှတ်ခဲ့သည် မှာလည်း ကက်သလစ်အသင်းတော်ဖြစ်ကြောင်း ကက်သလစ်ဘာသာဝင်အားလုံးကို ဂုဏ်ယူစေချင်ပါတယ်။ ကက်သလစ်မဟုတ်သော ဂိုဏ်းကွဲခရစ်ယာန်များနှင့် ခရစ်ယာန်မဟုတ်သော အခြားသောဘာသာဝင် များတို့သည် လည်း  Christmas နေ့ရက်တွင် မိမိနည်း မိမိဟန်ဖြင့် မြူးတူးပျော်ရွှင်စွာ ကြိုဆိုနေကြပုံများသည် ကက်သလစ် ဘာသာဝင်တစ်ဦးအနေဖြင့် ဂုဏ်ယူစေလိုကြောင်း ထပ်လောင်း ပြောချင်ပါတယ်။  တစ်ချိန်တည်းမှာဘဲ မိမိတို့၏မကောင်းသော အတွေးအခေါ်များနှင့် အပြုအမူများကို နှစ် ၂၀၁၆ မကုန်ခင်မှာ ချန်လှပ်ထားခဲ့ပြီး ကောင်းသောကက်သလစ်ဘာသာဝင်တစ်ဦးအနေဖြင့် လာမည့် ၂၀၁၇ ခုနှစ် တစ်နှစ်ပတ်လုံး လူများတကာပေါ်မှာ စိတ်ကောင်းနှလုံးကောင်း ထားနိုင်ကြပါစေ။ ဘုရားသခင်ထံမှ မိမိခံစားခဲ့ရသော ဆုကျေးဇူးများထဲမှ အချို့ကို ချို့တဲ့သောသူများအား မေတ္တာ၊ စေတနာ သဒ္ဒါတရားဖြင့် ဝေငှနိုင်ကြပါစေ။ ဘုရားသခင်ထံမှ မိမိရရှိသောယုံကြည်ခြင်း တရားများကိုလည်း တိုးပွားစေပြီး မိမိတို့၏ သားသမီးများထံသို့ ယုံကြည်ခြင်းအမွေများလက်ဆင့်ကမ်း ပေးနိုင်ကြပါစေ။ နောက်ဆုံး၌ဘာသာဝင်များအားလုံး ကိုယ်စိတ်နှဖြာ ရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒပြည့်ဝ နိုင်ကြပါစေလို့ ဆန္ဒများစွာဖြင့် ဆုမွန်တောင်းလျှက်...

ခရစ်တော်၏ နာမတော်မြတ်၌
ရိုသေလေးစားစွာဖြင့်
ဂျွန်စိုင်းလုံ
President of NCBAC

John Sailon. Email imdlns@gmail.com Phone 717 4212887
Oo Reh Sor. Email ooreh11@gmail.com Phone 832 526 2849